Myanmar

# သင့်ကလေး ကြီးထွားဖွံ့ဖြိုးမှုနဲ့ပတ်သက်ပြီး စိုးရိမ်နေသည့်ကိစ္စမျိုး ရှိပါသလား

ဂျပန်နိုင်ငံ၌ ကလေးပြုစုပျိုးထောင်မှုလုပ်ဆောင်နေကြသော

အုပ်ထိန်းသူများသို့




မသန်စွမ်းပြန်လည်ထူထောင်ရေးအမျိုးသားစင်တာ

ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်ခြင်းအတွက်သတင်းအချက်အလက်နှင့်ထောက်ပံ့ကူညီရေးစင်တာ

http://www.rehab.go.jp/ddis/

# နိဒါန်း

လတ်တလောနှစ်များတွင် ဂျပန်နိုင်ငံ၌ကလေးပြုစုပျိုးထောင်မှုပြုကြသော နိုင်ငံခြားသား အုပ်ထိန်းသူများ တိုးပွားလာလျက်ရှိပါသည်။

- ယဉ်ကျေးမှုနှင့် လူနေမှုဓလေ့ထုံးစံမတူညီသော နိုင်ငံဖြစ်သည့်အတွက် ကလေးပြုစုပျိုးထောင်ရာတွင် ခက်ခဲပင်ပန်းနေသည့်ပုဂ္ဂိုလ်များ
- ဘာသာစကားအခက်အခဲရှိသောကြောင့် ကလေးပြုစုပျိုးထောင်ရာတွင် လိုအပ်သည့်သတင်းအချက်အလက်များရယူရန် ခက်ခဲသောပုဂ္ဂိုလ်များ
- ကလေး၏ ကြီးထွားဖွံ့ဖြိုးမှုနှင့်ပတ်သက်ပြီး စိုးရိမ်လျက်ရှိသောပုဂ္ဂိုလ်များ

ဤစာစောင်မှာ ယင်းကဲ့သို့သောနိုင်ငံခြားသားအုပ်ထိန်းသူတို့အားလုံးကို အနည်းငယ်ပင်ဖြစ်စေ စိတ်လက်ချမ်းသာစွာဖြင့် ကလေးပြုစုပျိုးထောင်မှုပြုနိုင်စေရန် ရည်ရွယ်ပြီး ရေးသားထားခြင်းဖြစ်ပါသည်။

အထူးသဖြင့် ကလေး၏ကြီးထွားဖွံ့ဖြိုးမှုနှင့်ပတ်သက်ပြီး စိုးရိမ်ဖွယ်ရာရှိသည့်အခါ မည်သည့်နေရာသို့သွားရောက်ပြီး မည်သူနှင့်ဆွေးနွေးတိုင်ပင်မှုပြုရင်ကောင်းမည်ဆိုသည်ကိုမသိသည့် အတွက်ကြောင့် စိတ်ရှုပ်စရာအဖြစ်မျိုးရှိရသည်မဟုတ်ပါလား။

ကလေး၏ကြီးထွားဖွံ့ဖြိုးမှုနှင့်ပတ်သက်ပြီး စိုးရိမ်လျက်ရှိသော အုပ်ထိန်းသူများကို အားပေးကူညီသည့်အဖွဲ့အစည်း (နေရာဌာန)များမှာ ဂျပန်နိုင်ငံ၏ ဒေသအသီးသီးတွင် ရှိပါသည်။

နိုင်ငံခြားသား အုပ်ထိန်းသူတို့အားလုံးသည် ဤစာစောင်ဖြင့် မိမိတို့လိုအပ်သော သတင်းအချက်အလက်နှင့် ထောက်ပံ့ကူညီမှုများအတွက် လွယ်လင့်တကူချိတ်ဆက်မှုပြုနိုင်မည်ဆိုပါက ဝမ်းမြောက်ဝမ်းမြောက်ဂုဏ်ယူရပါသည်။

မသန်စွမ်းပြန်လည်ထူထောင်ရေးအမျိုးသားစင်တာ

ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်ခြင်းအတွက်သတင်းအချက်အလက်နှင့်ထောက်ပံ့ကူညီရေးစင်တာ

# မာတိကာ


**ကလေး၏ကြီးထွားဖွံ့ဖြိုးမှုအခြေအနေကိုသိလိုခြင်း** ........ **3**

ဥပမာအားဖြင့် ဤကဲ့သို့သောအခြေအနေမျိုးရှိပါသလား? ........ 3

- အသက် ၃နှစ်အထိ ........ 3
- အသက် ၃နှစ်~၆နှစ်(မူလတန်းကျောင်းစတက်)သည်အထိ ........ 4

မြို့နယ်ကျေးရွာများမှလုပ်ဆောင်သောကျန်းမာရေးစစ်ဆေးမှုကိုခံယူကြပါစို့ ........ 5

- နို့စို့အရွယ်ကလေးကျန်းမာရေးစစ်ဆေးမှု ........ 5
- အသက် ၁နှစ်ခွဲအရွယ်ကလေးကျန်းမာရေးစစ်ဆေးမှု ........ 5
- အသက် ၃နှစ်အရွယ်ကလေးကျန်းမာရေးစစ်ဆေးမှု ........ 6
- ကျောင်းစတက်ချိန်ကျန်းမာရေးစစ်ဆေးဆုံးဖြတ်မှု ........ 7
- ကျောင်းစတက်ရန်ဆွေးနွေးတိုင်ပင်ခြင်း ........ 7

[ကိုးကား]အထူးပြုစုစောင့်ရှောက်ရန်လိုအပ်သောကလေးများအတွက်လေ့ကျင့်သင်ကြားရေး (အထူးပြုစုစောင့်ရှောက်မှုပေးသည့် လေ့ကျင့်သင်ကြားရေး) နေရာ ........ 8

**ဆွေးနွေးတိုင်ပင်မှုပြုလိုခြင်း** ........ **9**

ဆွေးနွေးတိုင်ပင်ကြပါစို့ ........ 9

သင်နေထိုင်သောမြို့နယ်ကျေးရွာရှိ ဆွေးနွေးတိုင်ပင်မှုပြုနိုင်သောအဖွဲ့အစည်း ........ 10

**ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်ခြင်းဆိုသည်မှာဘာလဲ** ........ **11**

ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်သူတို့အားထောက်ပံ့ကူညီရေးဥပဒေနှင့်စပ်လျဉ်း၍ ........ 12

ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်သူတို့အတွက်ထောက်ပံ့ကူညီရေးစင်တာနှင့်စပ်လျဉ်း၍ ........ 12

**ဆေးရုံသို့သွားလိုခြင်း** ........ **13**

ဆေးရုံနှင့်စပ်လျဉ်း၍၊ စမ်းသပ်ရှာဖွေခြင်း၊ တစ်ဦးချင်းသီးခြားကုထုံး ........ 13

သင့်ကလေးသည် ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်နေသည်ဟု စစ်ဆေးတွေ့ရှိပါက ........ 13

စိတ်လက်ပေါ့ပါးစွာဖြင့်ဖြတ်ကျော်နိုင်ရန်အတွက်ဆေးဝါးအသုံးပြုခြင်း ........ 14

**မသန်စွမ်းမှတ်ပုံတင်စာအုပ်နှင့်ပတ်သက်ပြီးသိလိုခြင်း** ........ **15**

အသုံးပြုနိုင်သောဝန်ဆောင်မှုသာဓကများ ........ 15

ပြန်လည်ထူထောင်ရေးမှတ်ပုံတင်စာအုပ် ........ 16

စိတ်ပိုင်းဆိုင်ရာမသန်စွမ်းသူများအတွက်ကျန်းမာရေးနှင့်ဖူလုံရေးမှတ်ပုံတင်စာအုပ် ........ 16

**ရှင်သန်နေထိုင်ရာတွင်အသုံးဝင်သည့်သတင်းအချက်အလက်များရယူလိုခြင်း(ကိုးကားသတင်းအချက်အလက်)** ........ **17**

နိုင်ငံခြားဘာသာစကားဖြင့်ဆွေးနွေးတိုင်ပင်မှုပြုပေးသည့်ဝန်ဆောင်မှုစသည ........ 17

ဘာသာပြန်အက်ပလီကေးရှင်း ........ 18

ကျောင်းပညာရေးနှင့်သက်ဆိုင်သောသတင်းအချက်အလက် / ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်ခြင်းနှင့်သက်ဆိုင်သော အခြေခံသတင်းအချက်အလက် ........ 19

# ဥပမာအားဖြင့် ဤကဲ့သို့သောအခြေအနေမျိုးရှိပါသလား?

## အသက်၃နှစ်အထိ

- စကားပြောနောက်ကျခြင်း။
- ပြောဆိုနေခဲ့သည့်စကားလုံးများမပြောတော့ ခြင်း။
- ဆက်သွယ်ပြောဆိုရန်ခက်ခဲခြင်း သို့မဟုတ် တစ်ဖက်သတ်ဆက်သွယ်ပြောဆိုမှုပြုခြင်း။
- တူညီသည့်ကစားနည်းကိုသာ အမြဲတမ်း ကစားနေခြင်း



- အကြည့်ချင်းမဆုံခြင်း၊ အကြည့်ချင်းဆုံရန် မလွယ်ကူခြင်း။
- ပွေ့ဖက်ခံရသည်ကိုမနှစ်မြို့ခြင်း။
- မျက်နှာအမူအရာမပြောင်းလဲခြင်း။
- နာမည်ခေါ်သော်လည်း လှည့်မကြည့်ခြင်း။



- အလွန်တရာမနှစ်မြို့သောအရာနှင့်နေရာတို့ရှိနေခြင်း။
- တူညီသည့်အရာ၊ တူညီသည့်လုပ်ဆောင်ပုံစသည်တို့ကို အလွန်နှစ်သက်ခြင်း။
- ဇက်ခိုင်ခြင်း၊ ထိုင်ခြင်း၊ လမ်းလျှောက်ခြင်းစသည့် လှုပ်ရှားမှုပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုမှာနေးကွေးခြင်း။
- ကြွက်သားများပျော့နေခြင်း။ ကိုယ်နေဟန်ထား ထိန်းထားရန်ခက်ခဲခြင်း။



- ဂနာမငြိမ်ခြင်း။
- ငြိမ်ငြိမ်မနေသည့်အတွက် အမြဲတမ်းစောင့်မကြည့်လျှင်မရခြင်း။
- အလွန်အာရုံထွေပြားလွယ်ခြင်း။

- ဒေါသထွက်မှုပြင်းထန်ပြီး တော်တော်နှင့်မထိန်းချုပ်နိုင်ခြင်း။
- မိမိကိုယ်ကိုယ်အနာတရဖြစ်အောင်ပြုလုပ်သည့်အပြုအမူမျိုးကို ထပ်ခါထပ်ခါလုပ်ဆောင်ခြင်း။ (မိမိခေါင်းကိုရိုက်ပုတ်ခြင်း လက်မောင်းကိုကိုက်ခြင်းစသည်)



- ညဘက်တွင်ဆိုးဆိုးဝါးဝါးငိုကြွေးမှုမျိုး လအတန်ကြာဆက်တိုက်ဖြစ်ခြင်း။
- နေ့လည်တရေးတမောမအိပ်ခြင်း။ အိပ်ပျော်ရန်အလွန်ခက်ခဲခြင်း။
- စားစရာ၊သောက်စရာများတွင် အကြိုက်/ မကြိုက်(ချေးများမှု)ပြင်းထန်ခြင်း။



- အသံမြည်သည့်ဘက်သို့လှည့်မကြည့်ခြင်း။
- အသံနှင့်ပတ်သက်ပြီး အလွန် ခံနိုင်ရည်မရှိခြင်း (မိမိနားကိုပိတ်ထားခြင်း)။



# အသက်၃နှစ်~၆နှစ်(မူလတန်းကျောင်းစတက်) သည်အထိ



- တခြားကလေးများအပေါ်စိတ်ဝင်စားမှုမရှိခြင်း။ ကလေးအချင်းချင်းကစားမှုမပြုနိုင်ခြင်း။
- စိတ်ဝင်စားသည့်အရာများမှာ အစွန်းရောက်နေခြင်း(ထူးထူးခြားခြားအရောင်၊ ကုန်အမှတ်တံဆိပ်၊ သင်္ကေတ၊ စကားလုံး၊ ကိန်းဂဏန်းစသည်)။
- တူညီသည့်မေးခွန်းနှင့် တူညီသည့်အကြောင်းအရာများကို ထပ်ခါတလဲလဲပြောဆိုခြင်း။
- တစ်ယောက်တည်းနေသည့်အချိန်များပြားခြင်း။



- စည်းကမ်းနှင့်ကတိများကိုအလေးမထားခြင်း။
- စကားကို တစ်ဖက်သတ်စတင်ပြီး ကိုယ့်သဘောနှင့်ကိုယ် အဆုံးသတ်ခြင်း။
- သူငယ်ချင်းနှင့်ကောင်းကောင်းမွန်မွန်မကစားခြင်း။ အကြမ်း ပတမ်း ပြုမူခြင်း။
- ဂနာမငြိမ်ဘဲလျှောက်ပတ်သွားနေခြင်း။
- ကိုယ်သဘောနှင့်ကိုယ် ကြိုက်သည့်နေရာသို့သွားခြင်း။
- ရှင်းပြသည်ကို အဆုံးအထိနားမထောင်ခြင်း။

- မိမိကိုပြောနေသည့်အကြောင်းအရာကိုနားမလည်ခြင်း။
- စကားလုံးနှင့်အရေအတွက်တို့ကို ကောင်းစွာမသိခြင်း။
- အလွန်တရာထူးချွန်နေသောအရာနှင့် အလွန်တရာ ညံ့ဖျင်းနေသော အရာတို့ရှိခြင်း။





- အားလုံးအတူတူလှုပ်ရှားလုပ်ဆောင်မှုပြုသည့်အချိန်တွင် အခြားကလေးများကဲ့သို့အလားတူ လှုပ်ရှားမှုမပြုလုပ်နိုင်ခြင်း။
- ကြိုတင်ပြင်ဆင်ခြင်းနှင့် သိမ်းဆည်းခြင်းတို့ပြုရာတွင် အလွန်အချိန်ကြာခြင်း။
- ပန်းချီဆွဲခြင်း၊ ကတ်ကြေးအသုံးပြုခြင်းတို့တွင် ညံ့ဖျင်းခြင်း။
- ခန္ဓာကိုယ်အထိခံရသည်ကို မနှစ်မြို့ခြင်း။
- အိမ်သာသွားခြင်းနှင့် အဝတ်အစားလဲခြင်းစသည့် လူနေမှုဘဝလေ့စရိုက်များကို ကျင့်သားရအောင်လုပ်ရာတွင် အချိန်ယူရခြင်း။



## သင့်ကလေးတွင် ဤကဲ့သို့သောပြဿနာများရှိပါက စိုးရိမ်ဖွယ်ရာဖြစ်ပါတယ်...

မိသားစုဝင်တို့မှ "ဒီကလေးနဲ့တော့ဒုက္ခပါပဲ"ဟုတွေးပြီး စိတ်တိုခြင်း၊ "ပြုစုပျိုးထောင်ပုံညံ့လို့လား မသိဘူး" ဆိုပြီး ကလေးပြုစုပျိုးထောင်ရာတွင် ယုံကြည်ချက်မရှိတော့ခြင်း စသည်တို့ ရှိကောင်းရှိနိုင်ပါသည်။

ဤကဲ့သို့သောဖြစ်ရပ်များမှာ ယာယီသာဖြစ်သည့် ပြဿနာများဖြစ်ကောင်းဖြစ်နိုင်သော်လည်း အကယ်၍ မိမိကလေးတွင် ကြီးထွားဖွံ့ဖြိုးမှုပိုင်းဆိုင်ရာပြဿနာ တစ်နည်းအားဖြင့် ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်ခြင်းလည်း ဖြစ်ကောင်းဖြစ်နေနိုင်ပါသည်။

# မြို့နယ်ကျေးရွာများမှလုပ်ဆောင်သောကျန်းမာရေးစစ်ဆေးမှုကိုခံယူကြပါစို့




မြို့နယ်ကျေးရွာများရှိအုပ်ချုပ်ရေးရုံးများတွင် နို့စို့အရွယ်ကလေးကျန်းမာရေးစစ်ဆေးမှု(ဆေးစစ်ခြင်း)ကို လုပ်ဆောင်ပေးလျက်ရှိပါသည်။

သင့်ကလေး၏ ကျန်းမာရေးနှင့်ကြီးထွားဖွံ့ဖြိုးမှုအခြေအနေတို့ကို စစ်ဆေး အတည်ပြုနိုင်ရန်အတွက် အရေးပါသောအခွင့်အရေးဖြစ်ပါသည်။ မပျက်မကွက်ဆေးစစ်မှု ခံယူ ကြပါစို့။

ကျန်းမာရေးဆေးစစ်မှုလုပ်ဆောင်သည့်ကာလမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအဖွဲ့ အသီးသီးကိုလိုက်၍ ကွာခြားပါသည်။ အုပ်ချုပ်ရေးရုံးများထံသို့သွားရောက်အတည်ပြု မေးမြန်းအတည်ပြုပါ။

## နို့စို့အရွယ်ကလေး ကျန်းမာရေးစစ်ဆေးမှု



ဘယ်အချိန်? ကလေး အသက် ၃~၄လအရွယ်ရောက်သည့်အခါ

ဘာကိုလုပ်မလဲ?

- ဆရာဝန်မှစမ်းသပ်စစ်ဆေးပါမည်။
- အရပ်နှင့်ကိုယ်အလေးချိန်တိုင်းပါမည်။
- ကျန်းမာရေးစောင့်ရှောက်မှုတာဝန်ခံထံ စိုးရိမ်နေသည့်ကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်မှုပြုနိုင်ပါသည်။
- အာဟာရပညာရှင်မှ နို့ဖြတ်ရန်အတွက်ဖြည့်စွက်စာကျွေးခြင်းနှင့်ပတ်သက်ပြီး သင်ကြားပေးပါမည်။

## အသက်၁နှစ်ခွဲအရွယ်ကလေး ကျန်းမာရေးစစ်ဆေးမှု



ဘယ်အချိန်? ကလေးအသက် ၁နှစ်ခွဲမှ ၂နှစ်မပြည့်မီအတွင်း

ဘာကိုလုပ်မလဲ?

- ဆရာဝန်မှစမ်းသပ်စစ်ဆေးပါမည်။
- သွားဆရာဝန်မှစမ်းသပ်စစ်ဆေးပါမည်။
- အရပ်နှင့်ကိုယ်အလေးချိန်တိုင်းပါမည်။
- ကျန်းမာရေးစောင့်ရှောက်မှုတာဝန်ခံထံ စိုးရိမ်နေသည့်ကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်မှုပြုနိုင်ပါသည်။

# အသက်၃နှစ်အရွယ်ကလေး ကျန်းမာရေးစစ်ဆေးမှု

ဘယ်အချိန်? ကလေးအသက် ၃နှစ်မှ ၄နှစ်မပြည့်မီအတွင်း

ဘာကိုလုပ်မလဲ?


- ဆရာဝန်မှစမ်းသပ်စစ်ဆေးပါမည်။
- သွားဆရာဝန်မှစမ်းသပ်စစ်ဆေးပါမည်။
- အရပ်နှင့်ကိုယ်အလေးချိန်တိုင်းပါမည်။
- ဆီးစစ်ပါမည်။
- အမြင်အာရုံနှင့်အကြားအာရုံတို့ကိုစစ်ဆေးပါမည်။
- ကျန်းမာရေးစောင့်ရှောက်မှုတာဝန်ခံ၊ အာဟာရပညာရှင်၊ စိတ်ပညာရှင်တို့ထံ စိုးရိမ်နေသည့်ကိစ္စနှင့် ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်မှုပြုနိုင်ပါသည်။



**<အမြင်အာရုံစစ်ဆေးခြင်း>** အမြင်အာရုံစွမ်းရည်မှာ အသက်၆နှစ်အရွယ်အထိ ဆက်တိုက်ဖွံ့ဖြိုးတိုးတက်ပါသည်။ အမြင်အာရုံစွမ်းရည်ပုံမှန်မဟုတ်ခြင်းနှင့် ဆလင်ဒါဖြစ်ခြင်းတို့ကို တတ်နိုင်သရွေ့စောစီးစွာရှာဖွေကုသခြင်းပြုနိုင်ပါက ပြန်လည်ကောင်းမွန်ရန် မျှော်လင့်နိုင်ပါသည်။

**<အကြားအာရုံစစ်ဆေးခြင်း>** အကြားအာရုံစွမ်းရည်ပုံမှန်မဟုတ်ခြင်းနှင့် နားရောဂါတို့ကို ရှာဖွေသည့် စမ်းသပ်မှုဖြစ်ပါသည်။ နားမကြားရပါက စကားပြောလည်း နောက်ကျပါမည်။ တတ်နိုင်သရွေ့စောစီးစွာ ရှာဖွေတွေ့ရှိနိုင်ရန်မှာ အရေးကြီးပါသည်။

ကျန်းမာရေးစစ်ဆေးမှုတိုင်းတွင် စစ်ဆေးမှုခံယူနိုင်မည့်အသက်ရွယ်ကို သတ်မှတ်ထားပါသည်။
ကျန်းမာရေးစစ်ဆေးမှုအတွက် ကုန်ကျစရိတ်မှာ စစ်ဆေးမှုအားလုံးအတွက် ၀ ယန်း ဖြစ်ပါသည်။
သတ်မှတ်ထားသော ကျန်းမာရေးစစ်ဆေးမှုလုပ်ဆောင်ပေးသည့်ရက်တွင် စစ်ဆေးမှုမခံယူလိုက်နိုင်ပါက အုပ်ချုပ်ရေးရုံးများ၏ကောင်တာတွင်မေးမြန်းစုံစမ်းပါ။



## ကျောင်းစတက်ချိန်<br>ကျန်းမာရေးစစ်ဆေးဆုံးဖြတ်မှု

ဘယ်အချိန်? သင့်ကလေး မူလတန်းကျောင်းစတက်မည့်နှစ်မတိုင်မီ ရှေ့တစ်နှစ်၏ စက်တင်ဘာလ လောက်တွင် မြို့နယ်၊ကျေးရွာပညာရေးကော်မတီထံမှ အကြောင်းကြားစာရောက်လာပါ မည် (တစ်ဖန် ပြည်ပနိုင်ငံသားသို့မဟုတ် နိုင်ငံမဲ့ကလေးများသည် ဂျပန်နိုင်ငံမှမူလတန်း ကျောင်းများသို့ဝင်ရောက်လိုသည့်အခါ မိမိနေထိုင်ရာ မြို့နယ်၊ကျေးရွာရှိ ပညာရေး ကော်မတီထံ ကျောင်းဝင်လိုကြောင်းလျှောက်လွှာတင်ရန် လိုအပ်ပါသည်။)

ဘာကိုလုပ်မလဲ? တက်ရောက်ရန်လျာထားသည့် မူလတန်းကျောင်းသို့သွားရောက်ပြီး ကျောင်းစတက်ချိန် ကျန်းမာရေးစစ်ဆေးဆုံးဖြတ်မှုကိုခံယူကြပါစို့။

- ဆရာဝန်မှစမ်းသပ်စစ်ဆေးပါမည်။
- သွားဆရာဝန်မှစမ်းသပ်စစ်ဆေးပါမည်။
- အရပ်နှင့်ကိုယ်အလေးချိန်တိုင်းပါမည်။
- အမြင်စွမ်းရည်နှင့်အကြားစွမ်းရည်တို့ကိုစစ်ဆေးပါမည်။
- လွယ်ကူသော ဉာဏ်ရည်စစ်ဆေးမှုကိုလုပ်ဆောင်ပါမည်။



## ကျောင်းစတက်ရန်<br>ဆွေးနွေးတိုင်ပင်ခြင်း

ပညာရေးကော်မတီနှင့်ပညာရေးစင်တာတို့သည် မသန်စွမ်းသည့်ကလေး၊ မူလတန်းကျောင်းလူနေမှု တွင် စိုးရိမ်ဖွယ်ရာရှိသည့်ကလေးတို့နှင့်ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်မှုများလုပ်ဆောင်ပေးလျက်ရှိပါသည်။ ကလေးထိန်းကျောင်းနှင့်မူကြိုတို့မှ ဆရာများအားလည်း ပညာရေးကော်မတီထံဆွေးနွေးတိုင်ပင်မှုများပြုလုပ် ရန် တိုက်တွန်းမှုများလည်းရှိပါသည်။

ကျောင်းစတက်ရန်ဆွေးနွေးတိုင်ပင်ခြင်းအတွက် ကြိုတင်စာရင်းပေးသွင်းရန်လိုအပ်ပါသည်။ ကြို တင်စာရင်းပေးသွင်းမှုနှင့်ပတ်သက်ပြီး ပညာရေးကော်မတီထံ မေးမြန်းစုံစမ်းပါ။

- မသန်စွမ်းသည့်ကလေးငယ်များအတွက်လေ့ကျင့်သင်ကြားပေးမှု

ကလေးငယ်များ မည်သည့်နေရာတွင်လေ့ကျင့်သင်ကြားမှုခံယူမည်နည်းဆိုသည့်ကိစ္စအတွက် မိဘ နှင့်ကလေး၏ဆန္ဒကို အစွမ်းကုန်အလေးထားပြီးမှသာ ပညာရေးကော်မတီမှဆုံးဖြတ်မှုပြုပါသည်။

မူလတန်းကျောင်းများတွင် "အထူးပြုစုစောင့်ရှောက်မှုပေးသည့်အတန်း" နှင့် "ပုံမှန်အတန်း၏ လမ်းညွှန်မှုဖြင့်သင်ကြားသောအတန်း" တို့ ရှိပါသည်။

"အထူးပြုစုစောင့်ရှောက်မှုပေးသည့်ကျောင်း" ဆိုသည်မှာ ပြင်းပြင်းထန်ထန်မသန်စွမ်းမှုဖြစ်သည့် ကလေးငယ်များအတွက်ကျောင်းဖြစ်ပါသည်။

"အထူးပြုစုစောင့်ရှောက်မှုပေးသည့်အတန်း" နှင့် "ပုံမှန်အတန်း၏လမ်းညွှန်မှုဖြင့်သင်ကြားသော ကျောင်း" တို့ကိုသွားရောက်လေ့လာနိုင်ပါသည်။ ပညာရေးကော်မတီထံမေးမြန်းစုံစမ်းပါ။

# [ကိုးကား] အထူးပြုစုစောင့်ရှောက်ရန်လိုအပ်သောကလေးများအတွက်လေ့ကျင့်သင်ကြားရေး (အထူးပြုစုစောင့်ရှောက်မှုပေးသည့် လေ့ကျင့်သင်ကြားရေး) နေရာ

## မူလတန်းကျောင်း-အလယ်တန်းကျောင်း

### ပုံမှန်အတန်း

အများနှင့်စုပေါင်းပညာသင်ယူမှုပြုသည့်ဘဝတွင် အထူးပြုစုစောင့်ရှောက်မှုလိုအပ်သည့်ကလေးငယ်များအတွက် ရည်ရွယ်ပြီးထည့်သွင်းစဉ်းစားပေးခြင်းနှင့်တီထွင်ဖန်တီးမှုပြုပေးခြင်းတို့ လုပ်ဆောင်လျက်ရှိပါသည်။

#### ပုံမှန်အတန်း၏လမ်းညွှန်မှု (ပုံမှန်အတန်း၏ လမ်းညွှန်မှုဖြင့်သင်ကြားသောစာသင်ခန်း)

စာသင်ချိန်အများစုကို ပုံမှန်အတန်းတွင် သင်ယူပြီး သတ်မှတ်ထားသည့်အချိန် (တစ်လ သို့မဟုတ် တစ်ပတ်ရှိ အကြိမ်ရေ) ကိုသာ အခြား စာသင်ခန်းသို့ သွားရောက်သင်ယူရပါသည်။

ကလေး၏ ပညာသင်ကြားမှုပိုင်းနှင့် နေထိုင်စားသောက်မှုပိုင်းရှိ ပြဿနာရပ်များနှင့်စပ်လျဉ်းပြီး တစ်ဦးချင်း ပြုစုစောင့်ရှောက်မှုခံယူခြင်းမျိုးလည်း လုပ်ဆောင်နိုင်ပါသည်။

### အထူးပြုစုစောင့်ရှောက်မှုပေးသည့်အတန်း

လူဦးရေအနည်းငယ်မျှသာရှိသောအတန်းဖြစ်ပါသည်။ ဤအတန်းနှင့်အကျုံးဝင်သည့်ကလေးများ၏ မသန်စွမ်းမှုကိုလိုက်ပြီး အမြင်အာရုံအားနည်းခြင်း၊ အကြားအာရုံနည်းပါးခြင်း၊ ဉာဏ်ရည်ချို့ယွင်းခြင်း၊ ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းခြင်း၊ ရောဂါဖြစ်လွယ်ခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုဖြစ်လွယ်ခြင်း၊ အော်တစ်ဇင်နှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာကစဉ့်ကလျားဖြစ်ခြင်းဟူ၍ အတန်းအမျိုးအစား ၆ ခုရှိပါသည်။
ကျောင်းအပေါ်မူတည်ပြီး ထားရှိသည့်အတန်းအမျိုးအစားနှင့် အရေအတွက်တို့ကွဲပြားပါသည်။

*"ပုံမှန်အတန်း၏လမ်းညွှန်မှုဖြင့်သင်ကြားသောစာသင်ခန်း" နှင့် "အထူးပြုစုစောင့်ရှောက်မှုပေးသည့်အတန်း" တို့မထားရှိသောကျောင်းများလည်း ရှိပါသည်။

## အထူးပြုစုစောင့်ရှောက်မှုပေးသည့်ကျောင်း

အမြင်အာရုံချို့ယွင်းခြင်း၊ အကြားအာရုံချို့ယွင်းခြင်း၊ ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းခြင်း၊ ရောဂါဖြစ်လွယ် ခြင်း၊ ဉာဏ်ရည်ချို့ယွင်းခြင်းတို့ရှိသည့်ကလေးငယ်များအတွက် ကျောင်းဖြစ်ပါသည်။
ဉာဏ်ရည်ချို့ယွင်းမှုရှိသည့် သက်တံရောင်စဉ်အော်တစ်ဇင်ပုံမမှန်ဖြစ်စဉ်ရှိသည့် ကလေးများသည် ဉာဏ်ရည်ချို့ယွင်းမှုအတွက်အတန်းရှိသည့် အထူးပြုစုစောင့်ရှောက်မှုပေးသည့်ကျောင်းများနှင့်အကျုံးဝင်ပါသည်။
လူဦးရေနည်းပါးသည့်အတန်းများဖြစ်ပြီး မသန်စွမ်းမှုအပေါ်လိုက်၍ အထူးပြုထားသော လေ့ကျင့် သင်ကြားမှုများကို လုပ်ဆောင်ပေးနေပါသည်။





# ဆွေးနွေးတိုင်ပင်ကြပါစို့

ကလေးများ၏ ထူးခြားချက်နှင့် ကြီးထွားဖွံ့ဖြိုးပုံမှာ တစ်ဦးချင်းတစ်ယောက်ချင်းကိုလိုက်ပြီး ကွာခြားပါသည်။ စိုးရိမ်ဖွယ်ရာရှိပါက စောစီးစွာဆွေးနွေးတိုင်ပင်မှုပြုပြီး ကလေး၏ ထူးခြားချက်နှင့်ကိုက်ညီသော တုန့်ပြန်ဆောင်ရွက်မှုမျိုးကိုလုပ်ဆောင်ပေးရန်လိုအပ်ပါသည်။

- ကလေးပြုစုပျိုးထောင်ရာပိုင်းရှိသောကများနှင့် ကလေး၏ကြီးထွားဖွံ့ဖြိုးမှုပိုင်းရှိစိုးရိမ်ဖွယ်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး မြို့နယ်ကျေးရွာများရှိ ကျန်းမာရေးစောင့်ရှောက်မှုတာဝန်ခံနှင့် ဦးစွာဆွေးနွေးတိုင်ပင်မှုပြုပါ။
- ကလေးထိန်းကျောင်းနှင့် မူကြိုများသို့ ပို့ထားသည့်အခြေအနေတွင် ကလေး၏ အနေအထားနှင့်ပတ်သက်၍ ကလေးထိန်းပေးသည့်ပညာရှင်တို့နှင့် နေ့စဉ်ပုံမှန် ဆွေးနွေးပြောဆိုမှုပြုပါ။
- မြို့နယ်၊ကျေးရွာပေါ်မူတည်ပြီး ကြီးထွားဖွံ့ဖြိုးမှုပိုင်းဆိုင်ရာလက်ခံဆွေးနွေးပေးသူမှလုပ်ဆောင်သော တစ်ဦး ချင်းသီးခြားဆွေးနွေးတိုင်ပင်မှုနှင့် လှည့်လည်ဆွေးနွေးပေးမှုများကို လုပ်ဆောင်လျက်ရှိပါသည်။
- မြို့နယ်၊ကျေးရွာပေါ်မူတည်ပြီး မိဘနှင့်ကလေးအတူတကွရောက်နိုင်သော ကလေးပြုစုပျိုးထောင်မှုအတွက် အထောက်အကူပြုစာသင်ခန်းများကို ဖွင့်လှစ်ထားပါသည်။ မိမိကလေး၏ ကြီးထွားဖွံ့ဖြိုးမှုနှင့်ကိုက်ညီသော ပြုစုစောင့်ရှောက်ပုံနည်းလမ်းကို သင်ယူနိုင်ပါသည်။



## ဤနေရာများတွင်လည်း ဆွေးနွေးတိုင်ပင်မှုပြုနိုင်ပါသည်။

- ကျန်းမာရေးစောင့်ရှောက်မှုဌာန၊ ကျန်းမာရေးစောင့်ရှောက်မှုစင်တာ
- ကလေးသူငယ်ကြီးထွားဖွံ့ဖြိုးမှုအထောက်အကူပေးရေးစင်တာ
- ကလေးပြုစုပျိုးထောင်မှုအထောက်အကူပေးရေးစင်တာ၊ စုဝေးမှုပြုနိုင်သည့်နေရာကျယ်စသည်



*လက်ခံဆွေးနွေးပေးနိုင်မည့်သူနှင့်နေရာ(ကောင်တာ) တို့မှာ မြို့နယ်၊ကျေးရွာပေါ် လိုက်ပြီးကွာခြားပါသည်။ အသေးစိတ်ကို ကျန်းမာရေးစောင့်ရှောက်မှုတာဝန်ခံ ထံ မေးမြန်းစုံစမ်းပါ။

# သင်နေထိုင်သောမြို့နယ်ကျေးရွာရှိ ဆွေးနွေးတိုင်ပင်မှုပြုနိုင်သောအဖွဲ့အစည်း

မြို့နယ်၊ ကျေးရွာတို့တွင် ဆွေးနွေးတိုင်ပင်မှုပြုနိုင်သည့်ကောင်တာအမျိုးမျိုးရှိပါသည်။
သင့်ကလေးကိစ္စနှင့်ပတ်သက်ပြီးစိုးရိမ်ဖွယ်ရာရှိပါက ဆွေးနွေးတိုင်ပင်မှုပြုကြည့်ပါ။

<table>
<tr><th rowspan="2">အဖွဲ့အစည်းအမည်</th><th>အကျုံးဝင်သူ</th><th>နေ့ရက်၊ အချိန်</th><th>ဖုန်းနံပါတ်</th><th>စကားပြန်</th></tr>
<tr><th colspan="4">ဆွေးနွေးတိုင်ပင်မှုပြုပေးသောအကြောင်းအရာ</th></tr>
<tr><td rowspan="2">[ဖြည့်စွက်ရန်သာဓက]<br>○□မြို့ကလေးသူငယ်<br>ကြီးထွားဖွံ့ဖြိုးမှုပိုင်းဆိုင်<br>ရာစင်တာ</td><td>အသက်၁၈နှစ်မပြည့်<br>သေးသောကလေး၊<br>အုပ်ထိန်းသူ</td><td>တနင်္လာ~သောကြာ<br>မနက်၉နာရီ~ညနေ၅နာရီ<br>အခါကြီးရက်ကြီးပိတ်ပါသည်</td><td>(၀၄)<br>○○○-○○○</td><td>△တစ်စိတ်တစ်ဒေသရနိုင်<br>(၀၀ ဘာသာ)</td></tr>
<tr><td colspan="4">ဥပမာ) ကလေး၏ကြီးထွားဖွံ့ဖြိုးမှုနှင့်ပတ်သက်ပြီးဆွေးနွေးတိုင်ပင်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်း၊<br>ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်း၊ ကလေးပြုစုပျိုးထောင်ခြင်းတို့အတွက် ဆွေးနွေးတိုင်ပင်ခြင်း</td></tr>
<tr><td rowspan="2"></td><td></td><td></td><td></td><td></td></tr>
<tr><td colspan="4"></td></tr>
<tr><td rowspan="2"></td><td></td><td></td><td></td><td></td></tr>
<tr><td colspan="4"></td></tr>
<tr><td rowspan="2"></td><td></td><td></td><td></td><td></td></tr>
<tr><td colspan="4"></td></tr>
<tr><td rowspan="2"></td><td></td><td></td><td></td><td></td></tr>
<tr><td colspan="4"></td></tr>
<tr><td rowspan="2"></td><td></td><td></td><td></td><td></td></tr>
<tr><td colspan="4"></td></tr>
<tr><td rowspan="2"></td><td></td><td></td><td></td><td></td></tr>
<tr><td colspan="4"></td></tr>
<tr><td rowspan="2"></td><td></td><td></td><td></td><td></td></tr>
<tr><td colspan="4"></td></tr>
</table>

# ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်ခြင်းဆိုသည်မှာ

"ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်ခြင်း"ဆိုသည်မှာ ဦးနှောက်စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်ပြီး အများစု မှာမွေးရာပါချို့ယွင်းချက်များဖြစ်ကြသည်။ ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်ခြင်းတွင် အောက်ပါဇယားတွင်ပြထားသကဲ့သို့ အမျိုးအစား အနည်းငယ်ရှိပါသည်။ အလားတူချို့ယွင်းမှုမျိုးဖြစ်သော်လည်း ထူးခြားသည့်လက္ခဏာပြသမှုမျိုးမှာ တစ်ဦးချင်း အလိုက်ကွာခြားမှုရှိပါ သည်။ တစ်ဖန် ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်စဉ် သုံးလေးမျိုးရှိနေသောသူတို့လ ည်း ရှိပါသည်။

ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်မှု
နှောက်ကျခြင်းမျိုးလည်းရှိ

**နေရာအနှံ့သက်ရောက်သော**
**ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်စဉ်**
**သက်တံရောင်စဉ်အော်တစ်ဇင်ပုံမမှန် ဖြစ်စဉ်**
**(ASD)**

ဉာဏ်ရည်ချို့ယွင်းသည့်ရောဂါ | အက်စ်ပါဂါရောဂါလက္ခဏာစု

- စကားပြောနောက်ကျခြင်း
  (အက်စ်ပါဂါရောဂါလက္ခဏာစုတွင် စကားပြောခြင်း နောက်ကျခြင်းမျိုးမတွေ့ရပါ)
- ဆက်သွယ်ပြောဆိုရန်ခက်ခဲမှု
- အပြန်အလှန်ဆက်ဆံရေးနှင့်လူမှုရေးပြဿနာများ
- ထပ်ခါတလဲလဲနှင့်တူညီသောလှုပ်ရှားမှု
  အလွန်အမင်းစိတ်ဝင်စားခြင်း၊ တပ်မက်နစ်သက်ခြင်း
- အာရုံခံစားနိုင်မှုလွန်ကဲခြင်း၊ သို့မဟုတ် အာရုံခံစားနိုင်မှု ချို့ယွင်းခြင်း၊ အလွဲလွဲအချော်ချော်ဖြစ်ခြင်း

**အာရုံစူးစိုက်မှုကင်းမဲ့ခြင်းနှင့် အလွန်အမင်း**
**တက်ကြွမှုဖြစ်ခြင်းတို့ဖြစ်သည့်ကစဥ့်ကလျားဖြစ်စဉ်**
**AD/HD**
(အာရုံစူးစိုက်မှုကင်းမဲ့ခြင်းနှင့် အလွန်အမင်းတက်ကြွမှုဖြစ်သည့်ရောဂါ၊ အာရုံစူးစိုက်မှုကင်းမဲ့ခြင်းနှင့် အလွန်အင်းတက်ကြွမှုဖြစ်ခြင်းတို့ ဖြစ်သည့်ကစဥ့်ကလျားဖြစ်စဉ်)

- အာရုံစူးစိုက်မှုမပြုနိုင်ခြင်း
- ငြိမ်ငြိမ်မနေနိုင်ခြင်း
- စိတ်လိုက်မာန်ပါပြုမူခြင်း

**ပညာသင်ယူမှုကစဥ့်ကလျားဖြစ်စဉ် LD**
(ပညာသင်ယူနိုင်စွမ်းအကန့်အသတ်ရှိသည့်ရောဂါ၊ပညာ သင်ယူနိုင်စွမ်းအကန့်အသတ်ရှိသည့် ကစဥ့်ကလျားဖြစ်စဉ်)

- ပညာသင်ယူမှုတစ်ရပ်လုံးအတွက် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခြင်းမျိုးမဟုတ်သော်လည်း "အဖတ်"၊ "အရေး"၊ "တွက်ချက်ခြင်း"တို့တစ်မျိုးမျိုးတွင် တော်တော်လည်း ညံ့ဖျင်းနေ

*ယင်းတို့အပြင် တိုရက်တိုရောဂါလက္ခဏာစု၊ စကားထစ်ခြင်း(ရောဂါ)၊ ကြီးထွား ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ ဟန်ချက်ထိန်းလှုပ်ရှားနိုင်မှု ကစဥ့်ကလျားဖြစ်ခြင်း စသည် တို့ကိုလည်း အမျိုးအစားခွဲခြားထားပါသည်။

ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်သူတို့အားထောက်ပံ့ကူညီရေးဥပဒေရှိ ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်ခြင်းအတွက်အဓိပ္ပါယ်ဖွင့်ဆိုချက်(အပိုဒ် 2)... "ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်ခြင်းဆိုသည်မှာ ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်ခြင်း(ဉာဏ်ရည်ချို့ယွင်းခြင်း၊ အက်စ်ပါဂါရောဂါလက္ခဏာစုအပြင် နေရာအနှံ့သက်ရောက်သောကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်စဉ်၊ ပညာသင်ယူမှုကစဥ့်ကလျားဖြစ်စဉ်၊ အာရုံစူးစိုက်မှုကင်းမဲ့ခြင်းနှင့်အလွန်အမင်း တက်ကြွမှုဖြစ်ခြင်းတို့ဖြစ်သည့်ကစဥ့်ကလျားဖြစ်စဉ်စသည့်ဦးနှောက်စွမ်းဆောင်ရည်ချို့ယွင်းမှုဖြစ်ပြီး ပုံမှန်အားဖြင့် ငယ်ရွယ်စဉ်တွင် ပေါ်ထွက်လာ သည့်ချို့ယွင်းမှု)တို့ရှိသည့်သူဖြစ်ပြီး ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်ခြင်းနှင့် လူ့ဘောင်ဆိုင်ရာအတားအဆီးများဖြင့် နေ့စဉ်လူနေမှုဘဝသို့မဟုတ် လူမှုရေးနယ်ပယ်တွင်ကန့်သတ်ခံရသည့်အရာ"*ICD-10ရှိF80-98တွင်ပါဝင်သောချို့ယွင်းမှု

# ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်သူတို့အားထောက်ပံ့ကူညီရေးဥပဒေ နှင့်စပ်လျဉ်း၍




ဂျပန်နိုင်ငံတွင် "ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်သူတို့အားထောက်ပံ့ကူညီရေးဥပဒေ"ဟူသည့် ဥပဒေရှိပါသည်။ ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်နေသည့်သူ (ကလေးမှ လူကြီးအထိ)နှင့် ထိုသူတို့၏ မိသားစုဝင်တို့ကို အထောက်အကူပေးရန်အတွက်ရေးဆွဲထားသောဥပဒေဖြစ်သည်။

ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်သူတို့အားထောက်ပံ့ကူညီရေးဥပဒေသည် ကြီးထွားဖွံ့ဖြိုးမှုကစဉ့် ကလျားဖြစ်နေသည့်ကလေးကို ကျန်းမာစွာဖြင့် ကြီးပြင်းလာစေပြီး ထိုကလေး၏မိသားစုဝင်တို့သည် စိတ်လက်ချမ်းသာစွာဖြင့် ကလေးပြုစုပျိုးထောင်မှုပြုနိုင်သောဒေသတွင်းလူ့ဘောင်တစ်ရပ်တည်ထောင်ရန် ရည်ရွယ်ပါသည်။

# ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်သူတို့အတွက်ထောက်ပံ့ကူညီရေးစင်တာနှင့်စပ်လျဉ်း၍

ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်နေသူနှင့် ယင်းတို့၏မိသားစုဝင်များ စိတ်လက်ချမ်းသာစွာဖြင့် နေထိုင်စားသောက်မှုပြုနိုင်ရန်အတွက် ဆွေးနွေးတိုင်ပင်မှုပြုနိုင်သည့် အမျိုးမျိုးသော အဖွဲ့အစည်းများ ဒေသတွင်းတွင်ရှိပါသည်။

"ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်သူတို့အတွက်ထောက်ပံ့ကူညီရေးစင်တာ" သည် ခရိုင်အသီးသီး တွင် ထောက်ပံ့ကူညီရေးတာဝန်ကိုအဓိကထားဆောင်ရွက်လျက်ရှိပါသည်။ ခရိုင်အားလုံးနှင့် အစိုးရမှ တစ်စိတ်တစ်ဒေသအုပ်ချုပ်သောမြို့ကြီးများအားလုံးတွင် ဤစင်တာများရှိပါသည်။

●တစ်နိုင်ငံလုံးရှိကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်သူတို့အတွက်ထောက်ပံ့ကူညီရေးစင်တာများနှင့် ပတ်သက်သည့်သတင်းအချက်အလက်များကို အောက်ပါအင်တာနက်စာမျက်နှာတွင်ဖော်ပြထားပါသည်။

ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်ခြင်းအတွက်သတင်းအချက် အလက်နှင့်ထောက်ပံ့ကူညီရေးစင်တာ
http://www.rehab.go.jp/ddis/



[မိမိနေထိုင်ရာဒေသရှိ ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်သူ တို့အတွက်ထောက်ပံ့ကူညီရေးစင်တာ]

စင်တာအမည်:

ဆက်သွယ်ရန်လိပ်စာ:



# ဆေးရုံနှင့်စပ်လျဉ်း၍



ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်ခြင်းအတွက် စစ်ဆေးဆုံးဖြတ်ခြင်းကို အထူးကုဆရာဝန် (ကလေးဆရာဝန်၊ ကလေးစိတ်ပညာဆရာဝန်)တို့မှ လုပ်ဆောင်ပါမည်။ ဆရာဝန်ဖြင့် ရောဂါစမ်းသပ်ရှာဖွေမှုပြုလုပ်လိုပါက အောက်ပါကိစ္စရပ်များကို ကြိုတင်ပြင်ဆင်ထားပါ။

- အထူးကုဆရာဝန်ရှိသည့် ဆေးရုံကို ရှာဖွေစုံစမ်းပါ။ မြို့နယ်၊ကျေးရွာရှိ ကျန်းမာရေးစောင့်ရှောက်မှုတာဝန်ခံနှင့် ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်သူတို့အတွက်ထောက်ပံ့ကူညီရေးစင်တာစသည်တို့ဖြင့် ဆွေးနွေးတိုင်ပင်ပါ (အများစုသောဆေးရုံတို့မှာ ကြိုတင်စာရင်းပေးသွင်းရသည့်စနစ်ဖြစ်သည် )။
- ပထမဆုံးအကြိမ်ရောဂါစမ်းသပ်ရှာဖွေမှုပြုချိန်တွင် ကျန်းမာရေးအာမခံကဒ်ပြားနှင့် မိခင်နှင့်ကလေးကျန်းမာရေးမှတ်ပုံတင်စာအုပ်တို့ကို ယူဆောင်သွားပါ။
- သင့်ကလေးနှင့်ပတ်သက်ပြီး စိုးရိမ်နေသည့်ကိစ္စ၊ နေအိမ်နှင့်ကလေးထိန်းကျောင်းတို့၌ရှိချိန်အတွင်း သွင်ပြင် လက္ခဏာတို့ကို ကြိုတင်စုစည်းပြင်ဆင်ထားပါ။ စာဖြင့်ချရေးထားပါကကောင်းပါသည်။



# စမ်းသပ်ရှာဖွေခြင်း၊ တစ်ဦးချင်းသီးခြားကုထုံး

လိုအပ်ပါက ဆေးရုံတွင် ပညာရပ်ဆိုင်ရာဝန်ထမ်းများမှ စမ်းသပ်ရှာဖွေခြင်းနှင့် တစ်ဦးချင်းသီးခြားကုသမှုနည်းလမ်းများကို လုပ်ဆောင်ပါမည်။

စမ်းသပ်ရှာဖွေမှုပြုရာတွင် ဉာဏ်ရည်နှင့်ကြီးထွားဖွံ့ဖြိုးမှုကုစမ်းသပ်ရှာဖွေမှု၊ အကြားစွမ်းရည်စမ်းသပ်ရှာဖွေမှု၊ ဦးနှောက်လှိုင်းစမ်းသပ်ရှာဖွေမှုတို့ရှိပါသည်။


တစ်ဦးချင်းသီးခြားကုထုံးတွင် ရုပ်ပိုင်းဆိုင်ရာကုထုံး၊ အလုပ်ပေးကုထုံး၊ ပြောဆိုခြင်းနှင့်နားထောင်ခြင်းကုထုံး၊ စိတ်ပိုင်းဆိုင်ရာကုထုံးတို့ ရှိပါသည်။

ကလေး၏အခြေအနေပေါ်မူတည်ပြီး လုပ်ဆောင်ရမည့်အကြောင်းအရာများ ကွဲပြားသွားပါသည်။

# သင့်ကလေးသည် ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်နေသည်ဟု စစ်ဆေးတွေ့ရှိပါက…

သင့်ကလေးသည် ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်နေသည်ဟုစစ်ဆေးတွေ့ရှိခြင်းမှာ စိုးရိမ်ဖွယ်ရာ ဖြစ်သည့်ကိစ္စပင်မဟုတ်ပါလား။ သို့သော် ပတ်ဝန်းကျင်အနေအထားဖန်တီးပေးခြင်းနှင့် သင့်လျော်သော ပြုစုစောင့်ရှောက်ပုံနည်းလမ်းများဖြင့် သင့်ကလေး၏အခြေအနေမှာ သေချာပေါက် ကောင်းမွန်လာမည်ဖြစ်သည်။

ကလေးအပေါ်တုန့်ပြန်ဆောင်ရွက်ပေးရမည့်နည်းလမ်းများနှင့်ပတ်သက်ပြီး တာဝန်ခံဆရာဝန်နှင့် ပညာရပ်ဆိုင်ရာဝန်ထမ်းတို့ဖြင့် ဆွေးနွေးတိုင်ပင်မှုပြုလုပ်ပါ။



# စိတ်လက်ပေါ့ပါးစွာဖြင့်ဖြတ်ကျော်နိုင်ရန်အတွက်ဆေးဝါးအသုံးပြုခြင်း

ဆရာဝန်မှ စမ်းသပ်ရှာဖွေမှုပြုပြီး ဆေးပေးရန်လိုအပ်သည်ဟုဆုံးဖြတ်လိုက်သောအခါ ဆေးသောက်ရန်အတွက်တိုက်တွန်းမှုပြုပါလိမ့်မည်။ ဆေး၏ အကျိုးအာနိသင်နှင့် ဘေးထွက်ဆိုးကျိုးတို့နှင့် ပတ်သက်ပြီး တာဝန်ခံဆရာဝန်နှင့် အလုံအလောက်ဆွေးနွေးပြောဆိုမှုပြုပါ။

ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်ခြင်းဆိုသည်မှာ ဆေးဖြင့်ပျောက်ကင်းနိုင်သည့်အရာမဟုတ်ပါ။ သို့သော် ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်နေသောကလေးများတွင် မကြာခဏတွေ့မြင်ရလေ့ရှိသည့် ရောဂါလက္ခဏာများထဲ၌ ဆေးဖြင့်သက်သာအောင်လုပ်နိုင်သည့် ရောဂါလက္ခဏာများလည်း ရှိပါသည်။

**[စံနမူနာဆေးဝါးများ]**

- ဗဟိုအာရုံကြောစနစ်လှုံ့ဆော်ဆေး — အာရုံစူးစိုက်မှုကင်းမဲ့ခြင်းနှင့်လှုပ်ရှားမှုများပြားခြင်းကစဥ့်ကလျားဖြစ်စဉ်ရှိ လှုပ်ရှားမှုများပြားခြင်း၊ အာရုံစူးစိုက်မှုမရှိခြင်း၊ စိတ်လိုက်မာန်ပါလုပ်ခြင်းတို့ကိုလျော့ပါးစေပါသည်။
- စိတ်ငြိမ်ဆေး — ဂဏာမငြိမ်သောစိတ်ကိုလျော့ပါးစေပါသည်။
- စိတ်ရောဂါထိန်းဆေး — ပြင်းပြင်းထန်ထန်တက်ကြွမှုနှင့်ထင်ယောင်ထင်မှားဖြစ်မှုတို့ကိုသက်သာစေပါသည်။
- ဝက်ရူးပြန်ဆေး — ဝက်ရူးပြန်ဖြစ်ခြင်းကို ထိန်းချုပ်ပေးပါသည်။
- အိပ်ဆေး — အိပ်စက်သည့်စည်းချက်ကိုစနစ်တကျဖြစ်စေပါ ပါ သည်။




ဆေးကြောင့် ရောဂါလက္ခဏာသက်သာသွားပါက ကလေးသည်လည်း ပို၍စိတ်လက်ပေါ့ပါးစွာဖြင့် ဖြတ်ကျော်နိုင်ရန် လွယ်ကူလာမည်ဖြစ်သည်။ သတ်မှတ်ထားသောကြိမ်ရေနှင့် ပမာဏအတိုင်းလိုက်နာပြီး ဆေးသောက်ပါ။

☆ ဆေးရုံမှဆရာဝန်နှင့် ပညာရပ်ဆိုင်ရာဝန်ထမ်းတို့၏ ရှင်းလင်းပြောဆိုမှုများတွင် ကောင်းစွာနားမလည်သည့်အကြောင်းအရာများရှိပါက အားမနာဘဲ မေးမြန်းပါ။

☆ ကျန်းမာရေးစောင့်ရှောက်မှုတာဝန်ခံနှင့် ကလေးထိန်းကျောင်း၊ မူကြိုတို့မှ ဆရာစသည့်သူတို့သည်လည်း အနီးကပ်အားကိုးနိုင်သောသူများပင်ဖြစ်သည်။
ကလေး၏ အခြေအနေနှင့်ပတ်သက်ပြီး ပုံမှန် သေချာစွာဆွေးနွေးပြောဆိုမှုပြုလုပ်ကာ ကလေး၏ ကြီးထွားမှုနှင့်ဖွံ့ဖြိုးမှုတို့ကို အားလုံးအတူတကွကြည့်ရှုစောင့်ရှောက်မှုပြုပါ။



# မသန်စွမ်းမှတ်ပုံတင်စာအုပ်နှင့်ပတ်သက်၍

မသန်စွမ်းဖြစ်သည့်အကြောင်းကိုဖော်ပြထားသည့် (မသန်စွမ်းမှတ်ပုံတင်စာအုပ်)ကို ကိုင်ဆောင်ထားပါက မသန်စွမ်းအမျိုးအစားနှင့် ရောဂါအဆင့်ကိုလိုက်ပြီး အမျိုးမျိုးသော လူမှုဖူလုံရေးဝန်ဆောင်မှု (ထောက်ပံ့ကြေးစသည်)များကို အသုံးပြုနိုင်ပါသည်။ မှတ်ပုံတင်စာအုပ်ရယူလိုပါက အုပ်ချုပ်ရေးရုံးများတွင် စာရွက်စာတမ်းများလုပ်ဆောင်ရပါမည်။
မှတ်ပုံတင်စာအုပ်တွင် မသန်စွမ်းအမျိုးအစားပေါ်လိုက်ပြီး "ပြန်လည်ထူထောင်ရေးမှတ်ပုံတင်စာအုပ်"၊ "စိတ်ပိုင်းဆိုင်ရာမသန်စွမ်းသူများအတွက်ကျန်းမာရေးနှင့်လူမှုဖူလုံရေးမှတ်ပုံတင်စာအုပ်"၊ "ခန္ဓာကိုယ်မသန်စွမ်းမှတ်ပုံတင်စာအုပ်" ဟူ၍ အမျိုးအစား ၃ မျိုးရှိပါသည်။



* မှတ်ပုံတင်စာအုပ်ရှိပါက လူမှုဖူလုံရေးဝန်ဆောင်မှုကိုရယူသည့်အခါအတွက် စာရွက်စာတမ်းလုပ်ဆောင်မှုများ လွယ်ကူသွားပါမည်။
* ထောက်ပံ့ကြေးစသည်တို့၏ငွေပမာဏမှာ မသန်စွမ်းမှုအမျိုးအစားနှင့် ရောဂါအဆင့်ပေါ်မူတည်ပြီး ကွဲပြားပါသည်။
* အကျုံးဝင်သူ၊ ဝန်ဆောင်မှုအကြောင်းအရာစသည်တို့မှာ မြို့နယ်၊ကျေးရွာပေါ်မူတည်ပြီး တစ်စိတ်တစ်ဒေသကွဲပြားပါသည်။

အသေးစိတ်အကြောင်းအရာအတွက် သင်နေထိုင်ရာမြို့နယ်၊ကျေးရွာရှိ လူမှုဖူလုံရေးတာဝန်ခံကောင်တာတွင် မေးမြန်းစုံစမ်းပါ။

**[ဥပမာ]**

- ထောက်ပံ့ကြေးရရှိပါမည်။
- ဆေးရုံသို့ပေးချေထားသည့်ငွေများထဲမှ တစ်ချို့တစ်ဝက် ပြန်ရပါမည်။
- အခွန်ဆောင်ရခြင်းသက်သာသွားပါမည်။
- ရထား၊ ဘတ်စ်ကား၊ လေယာဉ်(ပြည်တွင်းလေကြောင်းလိုင်း)စသည်တို့အတွက်အခကြေးငွေသက်သာသွားပါမည်။
- အခပေးလမ်းမကြီးများအတွက်လမ်းကြေးသက်သာသွား ပါမည်။



• ယင်းတို့အပြင် အခြားအမျိုးမျိုးသောဝန်ဆောင်မှုများရှိပါသည်။

# ပြန်လည်ထူထောင်ရေးမှတ်ပုံတင်စာအုပ်

## အကျုံးဝင်ခြင်း



- ဉာဏ်ရည်ချို့ယွင်းမှုရှိသောသူ
- ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်ခြင်းနှင့် ဉာဏ်ရည်ချို့ယွင်းခြင်းတို့ရှိသောသူ

## နည်းလမ်း

- ကလေးသူငယ်ဆိုင်ရာဆွေးနွေးတိုင်ပင်ရေးဌာန(ကလေးသူငယ်ဆိုင်ရာဆွေးနွေးတိုင်ပင်ရေးစင်တာ) တွင် ချို့ယွင်းမှုဖြစ်သည့်ရောဂါ၏အဆင့်ကို ဆုံးဖြတ်ပေးမှုခံယူရပါမည်(အသက်၁၈နှစ်နှင့်အထက်ရှိသောသူတို့အတွက် ဉာဏ်ရည်ချို့ယွင်းမှုရှိသောသူတို့ပြန်လည်ရှင်သန်လာစေရန်ဆွေးနွေးတိုင်ပင်ရေးဌာနတွင် လုပ်ဆောင်ပေးနေပါသည်)။

## သတိပြုရမည့်ကိစ္စ

ဉာဏ်ရည်ချို့ယွင်းမှုသည် ကြီးထွားဖွံ့ဖြိုးမှုပေါ်လိုက်ပြီး ချို့ယွင်းမှုဖြစ်သည့်အဆင့်ပြောင်းလဲသွားနိုင်ချေရှိ ပါသည်။
ထို့ကြောင့် သတ်မှတ်ထားသောအချိန်ကာလတွင် ထပ်မံဆုံးဖြတ်မှုခံယူရန်သတ်မှတ်ထားပါ သည်။
သတ်မှတ်အချိန်ကာလမှာ နေထိုင်ရာမြို့နယ်၊ ကျေးရွာပေါ်မူတည်ပြီး ကွဲပြားပါသည်။

# စိတ်ပိုင်းဆိုင်ရာမသန်စွမ်းသူများအတွက်ကျန်းမာရေးနှင့် လူမှုဖူလုံရေးမှတ်ပုံတင်စာအုပ်

## အကျုံးဝင်ခြင်း

- အောက်ပါကဲ့သို့စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုများရှိပြီး နေထိုင်မှုဘဝတွင်အကူအညီဆက်တိုက်လိုအပ်သောအခြေအနေရှိသူ

  • ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်ခြင်း • စိတ်ကျရောဂါ၊ စိတ်ကြွစိတ်ကျရောဂါစသည့်စိတ်ခံစားချက်ပိုင်းဆိုင်ရာကစဥ့်ကလျားဖြစ်ခြင်း • စိတ်ကစဥ့်ကလျားရောဂါ • ဝက်ရူးပြန်ခြင်း • ဆေးစွဲခြင်း • အဆင့်မြင့်ဦးနှောက်စွမ်းဆောင်ရည်ချို့ယွင်းမှု • အခြားစိတ်ပိုင်းဆိုင်ရာရောဂါများ(စိတ်ဖိစီးမှုနှင့်ဆက်စပ်သောရောဂါစသည်)



## နည်းလမ်း

- မြို့နယ်၊ကျေးရွာများရှိအုပ်ချုပ်ရေးရုံးကောင်တာများတွင်စာရွက်စာတမ်း လုပ်ဆောင်ရပါမည်။
- အောက်ပါစာရွက်စာတမ်းများလိုအပ်ပါသည်။

  ① ကောင်တာရှိလျှောက်လွှာစာရွက်

  ② ဆရာဝန်၏ဆေးစစ်ချက်(မသန်စွမ်းပင်စင်ရရှိထားသူဖြစ်ပါက ပင်စင်ထုတ်ယူခွင့်ကဒ်ပြားဖြင့် လည်းရပါသည်။)

  ③ ကာယကံရှင်၏ဓာတ်ပုံ

## သတိပြုရန်ကိစ္စ

2နှစ်လျှင်တစ်ကြိမ် စာရွက်စာတမ်းအသစ်လုပ်ဆောင်ရန်လိုအပ်ပါသည်။ ထိုအချိန်ရောက်တိုင်း ဆရာဝန်၏ဆေးစစ်ချက်စာရွက် အမြဲလိုအပ်ပါသည်။

# ကိုးကားသတင်းအချက်အလက်

ဆေးရုံနှင့် ဆွေးနွေးတိုင်ပင်မှုပြုနိုင်သောအဖွဲ့အစည်းပေါ်မူတည်ပြီး နိုင်ငံခြားဘာသာစကားပြောဆိုနိုင်သည့်ဝန်ထမ်းရှိခြင်း၊ ဘာသာပြန်အက်ပလီကေးရှင်းများဖြင့် လက်ခံဆောင်ရွက်ပေးခြင်းများရှိသည့်နေရာများလည်းရှိပါသည်။

အချို့သောဒေသများတွင် ဒေသအစိုးရမှ စကားပြန်လွှတ်ပေးသည့် ဝန်ဆောင်မှုမျိုးလည်းရှိပါ သည်။

## နိုင်ငံခြားဘာသာစကားဖြင့်ဆွေးနွေးတိုင်ပင်မှု ပြုပေးသည့်ဝန်ဆောင်မှုစသည်



နိုင်ငံခြားသားများအသုံးပြုနိုင်သော ဖုန်းဖြင့်လက်ခံဆွေးနွေးပေးသည့်ဝန်ဆောင်မှုရှိပါသည်။ ကြီးထွားဖွံ့ဖြိုးမှုကစဉ့်ကလျားဖြစ်ခြင်းအတွက် လက်ခံဆွေးနွေးပေးနိုင်မည့် သီးသန့်ကောင်တာမရှိပါ။ သို့သော် သင့်ကလေးကောင်းစွာပြောဆိုနိုင်သောဘာသာစကားဖြင့် စမ်းသပ်ကုသမှုပြုလုပ်ပေးမည့် ဆေးရုံ နှင့် စကားပြန်တို့နှင့်ပတ်သက်၍မူ ဆွေးနွေးပေးပါမည်။

### ◆ အမြဲတမ်းနေထိုင်ခွင့်ရနိုင်ငံခြားသားများအတွက်မူဝါဒရေးရာပေါ်တယ်လ်ဆိုဒ်

ခရိုင်များရှိနိုင်ငံတကာဆက်ဆံရေးအသင်းများမှလုပ်ဆောင်သော ဖုန်းဖြင့်လက်ခံဆွေးနွေးပေးသည့်ကောင်တာစာရင်းကို ကြည့်နိုင်ပါသည်။

https://www8.cao.go.jp/teiju-portal/jpn/index.html

http://www.moj.go.jp/nyuukokukanri/kouhou/m_nyuukokukanri10_00006.html

### ◆ ဖုန်းဖြင့်လက်ခံဆွေးနွေးပေးခြင်းအားဖြင့်သတင်းအချက်အလက်ပေးအပ်သော ဝန်ဆောင်မှု AMDAအပြည်ပြည်ဆိုင်ရာဆေးဝါးကုသမှုသတင်းအချက်အလက်စင်တာ

သင့်မိခင်ဘာသာစကားဖြင့်စမ်းသပ်ကုသမှုခံယူနိုင်သော ဆေးရုံဆေးခန်းများဖြင့်မိတ်ဆက်ပေးခြင်း နှင့် ဆေးကုသမှုဆိုင်ရာလူမှုဖူလုံရေးစနစ်အတွက် လမ်းညွှန်မှုများကိုလုပ်ဆောင်ပေးလျက်ရှိပါသည် (*နားလည်ရလွယ်ကူသောဂျပန်ဘာသာဖြင့် လက်ခံဆောင်ရွက်ပေးပါသည်)။

တိုကျိုရုံး (တနင်္လာနေ့မှ သောကြာနေ့ ၁၀:၀၀~၁၅:၀၀)
ဖုန်း : ၀၃-၆၂၃၃-၉၂၆၆ (03-6233-9266)

https://www.amdamedicalcenter.com/activities



# ဘာသာပြန်အက်ပလီကေးရှင်း

◆ Google ဘာသာပြန်[ရေးဆွဲဖန်တီးသူ : google, Inc]

စာသားဖြင့်ဘာသာပြန်ခြင်း၊ ကင်မရာဓာတ်ပုံဖြင့်ဘာသာပြန်ခြင်း၊ လက်ရေးလက်သားဖြင့်ဘာသာပြန်ခြင်း၊ အသံဖြင့်ဘာသာပြန်ခြင်းတို့ပြုလုပ်ပေးနိုင်သောအက်ပလီကေးရှင်းဖြစ်သည်။
ဒေါင်းလုတ်ဆွဲခြင်းနှင့်အသုံးပြုခြင်းအားလုံးတို့အတွက်အခမဲ့ဖြစ်သည်။
Google Play နှင့် App Store တို့မှ ဒေါင်းလုတ်ဆွဲပါ။

◆ဘာသာစကားပေါင်းစုံအားအသံဖြင့်ဘာသာပြန်ပေးသည့်အက်ပလီကေးရှင်း Voice Tra (ဗွိုက်စ်ထရာ)

[ရေးဆွဲဖန်တီးသူ : NICT (အမျိုးသားသတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာအင်စတီကျု)]

စကားပြောလိုက်ပါက နိုင်ငံခြားဘာသာသို့ ပြန်ဆိုပေးသည့် အသံဖြင့်ဘာသာပြန်ပေးသည့် အက်ပလီကေးရှင်းဖြစ်သည်။
ဘာသာပြန်ဆိုမှုပြုနိုင်သောဘာသာစကားပေါင်း၃၁ခုရှိပြီး ဒေါင်းလုတ်ဆွဲခြင်း၊ အသုံးပြုခြင်းအားလုံးတို့အတွက် အခမဲ့ဖြစ်သည်။

http://voicetra.nict.go.jp/en/index.html






## ကျောင်းပညာရေးနှင့်သက်ဆိုင်သော သတင်းအချက်အလက

◆ကျောင်းပညာရေးစနစ်တစ်ရပ်လုံးနှင့်သက်ဆိုင်သောသတင်းအချက်အလက် ဝက်ဘ်ဆိုက် [ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန]

●Clarinet မှကြိုဆိုပါ၏

ပြည်ပမှသားသမီးများအတွက်ပညာရေး၊ မိမိနိုင်ငံသို့ပြန်ခြင်းနှင့် နိုင်ငံခြားသားကလေးသူငယ် ကျောင်းသားများအတွက်ပညာရေးစသည်တို့နှင့်သက်ဆိုင်သောအင်တာနက်စာမျက်နှာဖြစ်သည်။

http://www.mext.go.jp/a_menu/shotou/clarinet/003.htm

●ကတ်စတာနက်(CASTA-NET)

နိုင်ငံခြားနှင့်ဆက်နွယ်မှုရှိသောကလေးသူငယ်များ၊ ကျောင်းသားများ၏ ပညာသင်ယူမှုကို အထောက်အကူပေးနိုင်မည့် သတင်းအချက်အလက်များကိုရှာဖွေနိုင်သောဝက်ဘ်ဆိုက်ဖြစ်သည်။

https://casta-net.mext.go.jp/

●ဘာသာစကားပေါင်းစုံ၊ ကျောင်းပရော့ဂျက်

ကျောင်းနှင့်နိုင်ငံခြားတို့ဖြင့် သက်ဆိုင်မှုရှိသောကျောင်းသားကလေးသူငယ်များ၏ အိမ်နှင့် ချိတ်ဆက်မှုပြုပေးသည့် ဘာသာစကားပေါင်းစုံဖြင့် စာရေးသားမှုကို အထောက်အကူပေးနိုင် သောဝက်ဘ်ဆိုက်ဖြစ်သည်။

https://data.casta-net.mext.go.jp/tagengo-gakko.jp/index.html

## ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်ခြင်းနှင့်သက်ဆိုင်သော အခြေခံသတင်းအချက်အလက်

●ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်ခြင်းအတွက်သတင်းအချက်အလက်နှင့်ထောက်ပံ့ကူညီရေးစင်တာ

ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်ခြင်းနှင့်သက်ဆိုင်သော အခြေခံသတင်းအချက်အလက်၊ ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်ခြင်း၏ဝိသေသနှင့်တုန့်ပြန်ဆောင်ရွက်ပေးမှု၊ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်ခြင်းကိုထောက်ကူပေးသည့် စနစ်၊ ဂျပန်နိုင်ငံ၏ကြိုးပမ်းမှုနှင့်ကမ္ဘာ့လှုပ်ရှားမှုစသည်တို့နှင့်ပတ်သက်ပြီး နောက်ဆုံးပေါ်နှင့် အားအထားရဆုံးဖြစ် သောသတင်းအချက်အလက်တို့ကို ကြည့်ရှုနိုင်ပါသည်။

http://www.rehab.go.jp/ddis/

●ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်သူတို့အတွက်ပညာရေးမြှင့်တင်ရေးစင်တာ

ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်နေသည့်ကလေးအား ထောက်ပံ့ကူညီခြင်းနှင့်လမ်းညွှန်မှုပြုသည့်နည်းလမ်း၊ ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်ခြင်းနှင့်သက်ဆိုင်သော သုတေသနနှင့်သင်ရိုးညွှန်းတမ်း၊ အထောက်အကူပြု ကိရိယာတို့ကိုကြည့်ရှုနိုင်ပါသည်။ တစ်ဖန် ဆရာ၊ဆရာမများအတွက်ရည်ရွယ်သော ဗွီဒီယိုအသုံးပြုမွမ်းမံသင်တန်း နှင့် နိုင်ငံတော်၏မူဝါဒ၊ ဥပဒေစသည်တို့ကိုလည်း ကြည့်ရှုနိုင်ပါသည်။

http://icedd_new.nise.go.jp/

## အခမဲ့ဖချပွခဂြျ





**【おねがい】パンフレットについてのアンケート**

このパンフレットがどのような人に使われているのかを知り、もっと良いパンフレットにするためにアンケートをとっています。
下の URL か、QRコードからアンケートページに入ってください。ご協力をおねがいします。

**【保護者・家族向け】**※やさしいにほんご
https://forms.gle/Tyzy5MDCe7WYPkje8

**【支援者向け】**
https://forms.gle/TS8Ao5YL49sYpEeQ7

**[ထုတ်ဝေခြင်း]**
မသန်စွမ်းပြန်လည်ထူထောင်ရေးအမျိုးသားစင်တာ စီမံကိန်းနှင့် သတင်း အချက်အလက်ဌာန
**ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်ခြင်းအတွက်သတင်းအချက်အလက်နှင့် ထောက်ပံ့ကူညီရေးစင်တာ**

လိပ်စာ 1 , Namiki 4 chome, Tokorozawa City, Saitama Prefecture 359-8555, Japan

ဝက်ဘ်ဆိုက် http://www.rehab.go.jp/ddis/

ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်ခြင်းအတွက်သတင်း
အချက်အလက်နှင့် ထောက်ပံ့ကူညီရေးစင်တာ
မသန်စွမ်းပြန်လည်ထူထောင်ရေးအမျိုးသားစင်တာ

**[ကြီးကြပ်]** မစ္စတာ အိုဆာ့မု တာကာ့ဟာ့ရှိ (တိုယော့တမြို့လူမှုဖူလုံရေးအသင်း ဒါရိုက်တာအဖွဲ့ဥက္ကဌ)

**[ပူးပေါင်းပါဝင်သည့်အဖွဲ့အစည်း]** တိုယော့တမြို့ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ

ပြန်လည်ထူထောင်ရေးအတွက် ဒေသတွင်းဆွေးနွေး တိုင်ပင်မှုပြုပေးသည့်ရုံး

**[တည်းဖြတ်၊ ထုတ်လုပ်]**
"ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်နေသည့်ကလေးများအားထောက်ပံ့ကူညီရေးအတွက်
ဘာသာစကားပေါင်းစုံဖြင့်လက်ကမ်းစာစောင်ရေးသားပြုစုခြင်းနှင့်သက်ဆိုင်သည့်
လုပ်ငန်းအဖွဲ့" (ကြီးထွားဖွံ့ဖြိုးမှုကစဥ့်ကလျားဖြစ်ခြင်းအတွက်သတင်းအချက်အလက်
ပိုင်းခြားစိတ်ဖြာရေးကော်မတီ)

2019ခုနှစ် စက်တင်ဘာလ